**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၅)**

**၁၃၅၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်**

**(၁၉၉၅ ခုနှစ်၊ မေလ ၅ ရက်)**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို **မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေပုဒ်မ ၈၉ တွင် ပါရှိသော "အနည်းဆုံးထောင်ဒဏ် ၅နှစ်မှ အများဆုံးထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည်"ဆိုသည့် စကားရပ်ကို "အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး တစ်သက်တစ်ကျွန်းဒဏ်အထိ ချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့